
ယူဂိုဆလားဗီးယားခေါင်းဆောင်ကြီး

စိတ်ကူးချိုချိုစာပေ

mgyoe.com


# မာရှယ်တီးတိုး



မြတ်သက်
မြန်မာပြန်

mgyoe.com

mgyoe.com



BBT0012
1,200.00 KS

mgyoe.com

ယူဂိုဆလားဗီးယားခေါင်းဆောင်ကြီး မာရှယ်တီးတိုး၊ မြတ်သက်
တမျက်နှာ ၈၄ + မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာ

မြန်မာ့အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်းကို ထိုစဉ်ကာလက ကမ္ဘာ့စာနယ်ဇင်းအချို့က 'မြန်မာ့တီးတိုး' လို့ နှိုင်းယှဉ်ခေါ်ဝေါ်ရေးသားကြပါတယ်။ ဦးအောင်ဆန်းကို 'မြန်မာ့တီးတိုး' လို့ နှိုင်းယှဉ်ဖော်ပြမယ်ဆိုရင် ယူဂိုဆလပ်တော်လှန်ရေးခေါင်းဆောင်ကြီး မာရှယ်တီးတိုးကိုလည်း 'ယူဂိုဆလပ်ရဲ့ အောင်ဆန်း' လို့ ခေါ်ဝေါ်ရေးသားကြရမှာပဲဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ဖက်ဆစ်နဲ့ နာဇီကို အနိုင်တိုက်ခဲ့တာတွေ၊ ဒုတိယကမ္ဘာစစ်အပြီးမှာ မိမိတို့ နိုင်ငံအသီးသီးကို လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တာတွေ၊ ဦးအောင်ဆန်းကို မြန်မာပြည်သူတွေက မိမိတို့ရဲ့ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ချစ်ကြည်လေးမြတ်အလေးအနက်ထားတာတွေ၊ မာရှယ်တီးတိုးတို့ကို သူ့ ယူဂို

mgyoe.com

mgyoe.com



ဆလပ်ပြည်သူတွေက ကျောက်ထီးတန်ခေါင်းဆောင်ကြီး အဖြစ် အလေးအမြတ်ပြုကြတာတွေ... စတဲ့အချက်တွေမှာ ထပ်တူကျမှု တူညီကြတာကြောင့် ဦးအောင်ဆန်းကို 'မြန်မာ့ တီးတိုး' လို့ခေါ်ကြပြီး မာရှယ်တီးတိုးကို 'ယူဂိုဆလပ်ရဲ့ အောင်ဆန်း' လို့ ထပ်တူပြုကြတာတွေဟာ တကယ်တော့ ပြုသင့်လို့ ပြုကြတယ်ဆိုတာ ဒီစာအုပ်ကို ဖတ်လိုက်ရင် သိနိုင်ကြပါလိမ့်မယ်။

ယူဂိုဆလပ်တော်လှန်ရေးခေါင်းဆောင်ကြီး မာရှယ် တီးတိုးကို* ၂၅ မေ၊ ၁၈၉၂ မှာ ဖွားမြင်ခဲ့ပါတယ်။ ငယ် နာမည်က ဂျိုးဇက်ဘရော့ဖြစ်ပြီး မိဘများက တောင်သူ လယ်လုပ်တွေ ဖြစ်ကြပါတယ်။ ခရိုအေးရှားပြည်နယ် ဇာ ဂရက်အနီးရှိ ကွမ်ရိုဗက်ရွာကလေးမှာ ဖွားမြင်ခဲ့တာပါ။ ဖခင်က ခရိုအေးရှားဖြစ်ပြီး မိခင်က ဆလိုဗေးနီးယားလူမျိုး ဖြစ်ပါတယ်။ အင်မတန် ဆင်းရဲကြတာပါ။

စိမ်းလန်းစိုပြည်တဲ့ သဘာဝပတ်ဝန်းကျင်များအကြား မှာ တည်ရှိတဲ့ ကွမ်ရိုဗက်ရွာကလေးရဲ့ အထက်တောင်ကုန်း တစ်ခုရဲ့ထိပ်မှာ တစ်ချိန်က ရှေးဟောင်းမြို့ရိုးတွေ၊ နန်းတော် တွေနဲ့ လှပတင့်တယ်ခဲ့ညားခဲ့တဲ့ ဆီဇာဂရက်မြို့တော်ဟောင်း တည်ရှိပါတယ်။ အဲဒီဆီဇာဂရက်မြို့တော်ဟောင်းမှာ အာဒို ဒီနယ်စားတို့ စံမြန်းခဲ့ကြတာဖြစ်ပြီး ၁၅၇၃ ခုနှစ်မှာတော့ အာဒိုဒီ အုပ်စိုးသူများရဲ့ ဖိနှိပ်ညှဉ်းပန်း သွေးစုပ်ခြယ်လှယ် မှုများကို မခံမရပ်နိုင်တော့တဲ့အဆုံး ထိုနယ်တစ်ဝိုက်ရှိ

* Penguin ထုတ် A Dictionary of Politics တွင် ၂၅ မေ ဟုပြပြီး WIKIPEDIA တွင် ၇ မေ ဟု ပြသည်။

mgyoe.com

mgyoe.com



ဆင်းရဲသားနင်ပြားများက သွေးချင်းချင်းနီမျှ တော်လှန် ပုန်ကန်ခဲ့ကြပါတယ်။

အဲဒီပဒေသရာဇ်တော်လှန်မှုမှာ ဂျိုးဇက်ဘရော့လေးရဲ့ ဘိုးဘေးများလည်း ပါဝင်ခဲ့ကြပါတယ်။ တီးတိုးရဲ့ ဘိုးဘေး များဟာ တူရကီနယ်ချဲ့များရဲ့ရန်က ထွက်ပြေးတိမ်းရှောင် ရင်းနဲ့ ဒါမေးရှားနယ်က ထွက်ပြေးတိမ်းရှောင်လာခဲ့ကြသူ များဖြစ်ပြီး ကွမ်ရိုဗက်ရွာမှာ ၁၆ ရာစု အလယ်လောက်က တည်းက အခြေချနေထိုင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ အဲဒီအချိန်ကတည်းက အာဒိုဒီနယ်စားများရဲ့ ကုပ်သွေးစုပ်ခံ မြေကျွန်များ ဖြစ်ခဲ့ကြရပြီး မခံမရပ်နိုင်တဲ့အဆုံး အခုလို တော်လှန်ပုန်ကန်ခဲ့ကြတာပါ။ ဒါပေမဲ့ အောင်မြင်မှုမရခဲ့ပါ။

၁၈၄၈ မှာ ဟန်ဂေရီပုန်ကန်မှုကြီး ဖြစ်ပွားလာခဲ့ပြီး အဲဒီတော့မှ ကုပ်သွေးစုပ် အာဒိုဒီနယ်စားမင်းများရဲ့ အုပ် ချုပ်ရေး ပျက်ပြားခဲ့ပါတယ်။ ဂျိုးဇက်ရဲ့အဘိုး မာတင်ဘရော့ ဟာ ခေတ်ပြောင်းခေတ်လွဲများကို ကြုံတွေ့ခဲ့ရပြီးတဲ့နောက် တောင်သူလယ်လုပ် ဓားမခုတ်ဘဝကို စွန့်လွှတ်ကာ မြင်း လှည်းတစ်စီးနဲ့ ကုန်တိုက် စားသောက်ခဲ့ရပါတယ်။

မာတင်မှာ သားတစ်ဦးနဲ့ သမီးခြောက်ဦးရှိပြီး သား ဖြစ်သူ ဖရန်ယိုက တီးတိုးရဲ့ ဖခင်ဖြစ်ပါတယ်။ ဖခင်ကြီး မာတင်ရဲ့ အမွေအနှစ်လယ်ယာမြေများ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားမှာကို စိုးရိမ်တဲ့အတွက် နှမများရဲ့ အမွေဆိုင် လယ် မြေတွေကို ဝယ်ယူရင်းနဲ့ ဖရန်ယို ကြွေးများ ပိလာခဲ့ပါတယ်။ ပိလာတဲ့ကြွေးတွေကို ဆပ်ဖို့ ကြိုးစားရာမှာ ဆလိုဗင်းနယ် ကို ထင်းခုတ်သွားခြင်းဖြင့်လည်း သူ ငွေရှာခဲ့ပါတယ်။

mgyoe.com

mgyoe.com



ဆလိုဗင်းနယ်ကို ထင်းခုတ်သွားရင်းနဲ့ နဖူးစာရွာလည်ကာ ၁၈၈၁ မှာ ဆလိုဗင်းနယ်သူ မာရီယာနဲ့ အိမ်ထောင်ကျခဲ့ပါတယ်။ မာရီယာရဲ့ မိဘများမှာ သားသမီး ၁၄ ယောက်ရှိပြီး မာရီယာက အကြီးဆုံးဖြစ်ပါတယ်။ အိမ်ထောင်စု ကြီးတဲ့အတွက် သူတို့မိသားစုဟာလည်း မချောင်လည်လှပါ။

ဖရန့်ယိုနဲ့ မာရီယာတို့ အိမ်ထောင်ကျအပြီးမှာ စီးပွားရေး ကျပ်တည်းလာခဲ့ပြီး တီးတိုးတို့မိသားစုဟာ ကိုယ်ပိုင်အိမ်နဲ့ နေထိုင်နိုင်ခြင်းမရှိဘဲ ကွမ်ရိုဗက်ရွာရှိ ဆွေမျိုးတစ်ဦးနဲ့ ပေါင်းစပ်နေထိုင်ခဲ့ကြရပါတယ်။

ဖရန့်ယိုနဲ့ မာရီယာတို့မှာ စုစုပေါင်း သားသမီး ၁၇ ဦး ဖွားမြင်ခဲ့ပြီး တီးတိုးက သတ္တမမြောက်သား ဖြစ်ပါတယ်။

❑


mgyoe.com

mgyoe.com

## တီးတိုးရဲ့ငယ်ဘဝ

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ဂျိုးဇက်ဘရော့ရဲ့ မိဘများဟာ သားသမီး ၁၇ ယောက်ရှိတာကြောင့် ဆင်းရဲနွမ်းပါးစွာနဲ့ပဲ နေ့စဉ်ဘဝကို ကျော်ဖြတ်ခဲ့ရတာပါ။

ကလေးတွေကို ဝဝလင်လင် ကျွေးမွေးနိုင်ခြင်းမရှိဘဲ အစားအသောက်ထည့်တဲ့ ကြောင်အိမ်ကိုပင် သော့ခတ်ထားရတဲ့အထိ ဂျိုးဇက်တို့ရဲ့ငယ်ဘဝဟာ ဆိုးရွားလှပါတယ်။ ဆောင်းရာသီလို အစာရေစာရှားပါးတဲ့ကာလများမှာ ဂျုံအစား ပြောင်းဆန်ကိုပဲ သူတို့မိသားစု စားသုံးကြရတာပါ။ ပြောစမှတ်ပြုကြတာကတော့ သူတို့မောင်နှမတစ်တွေဟာ ဧည့်သည်စောင်သည်လာမှပဲ အစာရေစာ ဝဝလင်လင် စားကြရတာဖြစ်ပါတယ်။ ဧည့်သည်ရှိနေတော့ မိခင်ဖြစ်သူက တစ်စုံတစ်ရာ ဆူပူခြင်းမပြုဘဲ သားသမီးတွေ စိတ်ကြိုက် စားသောက်ခွင့် ပြုပါတယ်။

အဲ... ဧည့်သည်တွေ ပြန်သွားမှသာ မိခင်ဖြစ်သူရဲ့ ဆော်ပလော်တီးခြင်းကို မောင်နှမတစ်တွေ ကျောကော့အောင် ခံရပါတယ်။

တီးတိုးလေးရဲ့ ငယ်ဘဝမှာ အပျော်ရွှင်ဆုံးလို့ ဆိုရမယ့် အချိန်ကတော့ ဘိုးအေကြီးဖြစ်သူထံ သွားရောက်နေထိုင်ရတဲ့ အခါများမှာပဲဖြစ်ပါတယ်။ သူ့အဘိုးက ဆလိုဗေးနီးယားမှာနေတာဖြစ်ပါတယ်။

mgyoe.com

mgyoe.com



ဒါပေမဲ့ ဂျိုးဇက်ဟာ 'ပျော်ရာမှာမနေရ တော်ရာမှာသာနေရ' ဆိုတဲ့ စကားအတိုင်း သူ ပျော်ပိုက်တဲ့ ဘိုးအေကြီးရဲ့ရွာမှာ ကာလကြာရှည် နေထိုင်ရခြင်းမရှိဘဲ မိဘထံ ပြန်လာခဲ့ရပါတယ်။ အဲဒီအချိန်တုန်းက တီးတိုးလေးဟာ အသက်ငါးနှစ်အရွယ်သာ ရှိသေးပြီး အဘိုးဖြစ်သူနဲ့ အတူ အိမ်မှုကိစ္စများ ကူညီလုပ်ကိုင်ပေးရတဲ့အပြင် တောရွာဘာဝ မွေးမြူထားတဲ့ ကြက်၊ ဘဲ၊ နွား၊ မြင်းများကို ထိန်းကျောင်းပေးရတာမျိုးလည်း လုပ်ရပါတယ်။ ဘိုးအေကြီးနဲ့အတူ နေထိုင်စဉ် တီးတိုးလေး အတွက် အပျော်ဆုံးကတော့ မြင်းများနဲ့အတူ နေရတာပဲဖြစ်ပါတယ်။ တီးတိုးလေးဟာ အဲဒီအရွယ်ကတည်းက မြင်းကို ကုန်းနှီးမပါဘဲ ကျကျနန စီးနင်းနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဘိုးအေကြီး ရွာကနေ မိသားစုနေထိုင်တဲ့ရွာဆီ ပြန်ရောက်တော့လည်း သူ့ခမျာ အေးအေးနေရတာမဟုတ်ပါဘူး။ တောသူတောင်သား မိသားစုဖြစ်တဲ့အားလျော်စွာ ဆန်ဖွပ်မောင်းထောင်း၊ မုန့်ကြိတ်တာမျိုး တွေလည်း လုပ်ရပါတယ်။ ထိုနည်းတူ မြက်ရိတ်၊ နွားကျောင်း စတာ မျိုးတွေလည်း လုပ်ရပါတယ်။

ထိုစဉ်က ခရိအေးရှားပြည်နယ်ရှိ လူဦးရေ ၆၀ ရာခိုင်နှုန်းခန့်ဟာ စာမတတ်ကြပါ။ တကယ့်ကို ဖိုးသုညများသာ ဖြစ်ကြပါတယ်။ မိဘများ ကလည်း သားသမီးတွေကို လယ်ထဲ၊ ချောင်းထဲမှာ ခိုင်းနေရတာဖြစ်တဲ့ အတွက် ကျောင်းကို မလွှတ်လိုကြပါဘူး။ ဒါ့ကြောင့် စာတတ်မြောက် သူ နည်းပါးနေခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ တီးတိုးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ဒီကလေးဟာ ပညာရေးကံကောင်းတယ်လို့ပဲ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘများက မရှိမဲ့ ရှိမဲ့ အနေအထားမှာကို တီးတိုးကို ပညာသင်ကြားပေးခဲ့လို့ ဖြစ်ပါတယ်။

သူ ခုနစ်နှစ်သားအရွယ်ကတည်းက မိဘက သူ့ကို ကျောင်းပို့

mgyoe.com

mgyoe.com





**အဲဗက်ကာဒစ်ချ်နဲ့ တီးတိုးတို့ ၁၉၃၄ မှာ ဆုံတွေ့ကြစဉ်**
**(အဲဗက်မှာ တီးတိုးရဲ့အရင်းနှီးဆုံး သူငယ်ချင်းကောင်းဖြစ်ခဲ့တယ်)**

ခဲ့ပါတယ်။ ကျောင်းနေစမှာ သူ့အနေနဲ့ အိမ်အလုပ်၊ ယာအလုပ်တွေကတစ်ဖက်၊ စာသင်ရတာက တစ်ဖက်နဲ့ အနည်းငယ် အခက်အခဲ တွေ့ခဲ့ပေမဲ့ နောင် တစ်စတစ်စနဲ့ သူ စာလိုက်နိုင်လာခဲ့ပြီး စာတော်တဲ့ကျောင်းသားတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

နောင်မှာ ကွန်မြူနစ်ကြီး ဖြစ်လာခဲ့ပေမဲ့ ငယ်စဉ်ဘဝမှာတော့ တီးတိုးဟာ ဘာသာရေးကိုင်းရှိုင်းတဲ့ လူငယ်လေး ဖြစ်ပါတယ်။ တနင်္ဂနွေနေ့တိုင်း လူကြီးများနဲ့အတူ ဘုရားကျောင်းကို လိုက်သွားကာ ဝတ်ပြုခဲ့တာပါ။

ကျောင်းနေပျော်ပြီး စာတော်နေစဉ်မှာပဲ သူ ကျောင်းထွက်ခဲ့ရပါတယ်။ အသက် ၁၂ နှစ်သားအရွယ်မှာ ကျောင်းထွက်ခဲ့ရတာဖြစ်ပြီး တောရွာဓလေ့အတိုင်း တစ်ဝမ်းတစ်ခါးအတွက် သင့်ရာအလုပ်တစ်ခုခုကို ဝင်လုပ်ခဲ့ရပါတယ်။ အစောပိုင်းမှာ ဦးလေးတစ်ယောက်ရဲ့ နွားတွေကို ထိန်းကျောင်းပေးခဲ့ရပြီး နောက်ပိုင်းမှာ စားပွဲထိုးအဖြစ် ကူးပြောင်း

mgyoe.com

mgyoe.com


လုပ်ခဲ့တာပါ။

သူ့အသက် ၁၅ နှစ်အရွယ်မှာ ဆွေမျိုးတော်စပ်သူ တပ်ကြပ်ကြီး တစ်ဦးနဲ့အတူ ဇာတိက မိုင် ၆၀ ဝေးတဲ့ ဆိဆက်မြို့ထံ လိုက်သွားခဲ့ပြီး စစ်တပ်အရာရှိများရိပ်သာမှာ စားပွဲထိုးလုပ်ခဲ့တာပါ။ ရွာငယ်ဇနပုဒ်က လာတဲ့ လူငယ်လေးဟာ ဆိဆက်မြို့ကြီးရဲ့ ကြီးကျယ်ခမ်းနားလှတဲ့ အဆောက်အအုံတွေ၊ မီးရထားကြီးတွေ... စတဲ့ စတဲ့ မြို့ပြရဲ့ အဆောင် အယောင်တွေကို မြင်စ တစ်ခဏမှာ တအံ့တသြနဲ့ နှစ်ခြိုက်ခဲ့ရပေမဲ့ နောက်ပိုင်းမှာတော့ ငြီးငွေ့လာခဲ့ပါတယ်။

ငြီးငွေ့လာတာမှ နိစ္စဓူဝ လုပ်ကိုင်နေရတဲ့ ပန်းကန်ဆေး၊ စားပွဲ ထိုးအလုပ်တွေအပြင် မြို့ပြရဲ့ အဆောင်အယောင်တွေကိုပါ ငြီးငွေ့လာ ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ တောကိုတော့ ပြန်မသွားတော့ဘဲ စားပွဲထိုးအလုပ်မှထွက်ကာ အလုပ်ရုံတစ်ခုမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါ တယ်။

❑

mgyoe.com

mgyoe.com

# စက်ရုံလုပ်သားဘဝ

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

တီးတိုး ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ အလုပ်ရုံကတော့ အဓိကအားဖြင့် သော့ပြင်အလုပ်ရုံဖြစ်ပေမဲ့ ထိုခေတ်က သော့ပြင်အလုပ်ရုံများရဲ့ ထုံးစံအတိုင်း သော့ကိုသာမက စက်ဘီးများ၊ သေနတ်များ၊ စက်အသေးစားများအထိ ပြင်ဆင်နိုင်တဲ့အတွက် စက်ရုံအငယ်စားလေးလို့ ပြောရင်တောင် ရပါတယ်။ စက်ရုံပိုင်ရှင်ကတော့ ကားရက်စ်ဖြစ်ပါတယ်။

ဆရာကြီးကားရက်စ်ရဲ့ အလုပ်ရုံမှာ သူ တစ်နေ့ ၁၂ နာရီ အလုပ်လုပ်ရတဲ့အတွက် ပင်ပန်းပေမဲ့ တီးတိုး ပျော်ပါတယ်။ အနေအစားလည်း ဆင်းရဲပေမဲ့ အဲဒီစက်ရုံမှာ အလုပ်လုပ်ရတာကို သူ အတော်လေး သဘောကျပါတယ်။ ဒါ့အပြင် ပညာနဲ့ ကံပါလာတဲ့ တီးတိုးဟာ စက်ရုံမှာ အလုပ်လုပ်နေရင်းနဲ့ တစ်ပတ်မှာ နှစ်ကြိမ် ကျောင်းတက်ခွင့် ရပါတယ်။ အဲဒီကျောင်းမှာ ပထဝီ၊ သမိုင်း၊ ဘာသာစကားများနဲ့ အထွေထွေ ပညာရပ်များကို သင်ကြားရပြီး စာပေလေ့လာလိုစိတ်ရှိတဲ့ တီးတိုးအတွက် 'ရေငတ်သူ ရေတွင်းထဲကျ' ဆိုသလို ဖြစ်ခဲ့ပါတယ်။

ဒါ့အပြင် ကျောင်းစာသာမက အပြင်စာကိုပါ လေ့လာဖတ်ရှုခွင့်ရတာကြောင့် တွေ့သမျှစာတွေကို သူ အငမ်းမရ ဖတ်ရှုလေ့လာခဲ့ပါ

mgyoe.com

mgyoe.com


တယ်။

ဒါပေမဲ့ တီးတိုးအတွက် တစ်ခုအခက်တွေ့နေတာကတော့ အလုပ်ချိန်က တစ်နေ့ ၁၂ နာရီ ဖြစ်နေခြင်းပါပဲ။ တစ်နေ့ ၁၂ နာရီအကြား မလပ် အလုပ်လုပ်ရတာဆိုတော့ သူ့မှာ စာဖတ်ချိန်ရယ်လို့ သီးသန့်မရပါဘူး။ ဒါ့ကြောင့် သူ့ခမျာ အလုပ်လုပ်ရင်းနဲ့ စာဖတ်ရပါတယ်။ တစ်နေ့မှာတော့ သူ့ရဲ့ စာဖတ်ဝါသနာကြောင့်ပဲ တီးတိုး အဲဒီအလုပ်ရုံက ထွက်ခွာခဲ့ရပါတယ်။

ဖြစ်ပုံက ဒီလိုပါ။ တစ်နေ့မှာ တီးတိုးဟာ သူ အင်မတန်ကြိုက်တဲ့ ရှားလော့ဟုမ်းစုံထောက်ဝတ္ထု ဖတ်နေပါတယ်။ ဒါပေမဲ့ အထက်မှာရေးတဲ့အတိုင်း အလုပ်ခွင်မှာဖတ်ရတာကြောင့် ဘေးမှာ အလုပ်သမားတွေက သူဖတ်နေတာကို ဝိုင်းနားထောင်နေကြပါတယ်။ ရှားလော့ဟုမ်းကို အော်ဖတ်နေတာပါ။ အဲဒီမှာတင် တီးတိုးအပါအဝင် နားထောင်နေတဲ့ အလုပ်သမားများပါ ဝတ္ထုမှာ စျာန်ဝင်ပြီး အလုပ်ကို ဂရုမစိုက်ကြတော့ပါ။


တီးတိုးကိုယ်တိုင်လည်း လွန်ဖောက်ရင်း အလုပ်လုပ်နေတာဖြစ်လို့ သူ့လွန်ကြီး ကျိုးသွားပါတယ်။ တကယ့်အချိန်ကျမှ ကားရက်စ်ဝင်လာပြီး ဖြစ်ပျက်ပုံအလုံးစုံကို တွေ့သွားပါတယ်။ အလုပ်သမားတွေ အလုပ်မလုပ်ဘဲ ဝတ္ထုနားထောင်နေတာရော၊ တီးတိုး လွန်ကျိုးသွားတာကိုပါ တွေ့လိုက်ရတာပါ။ ဒီမှာတင် ဆရာသမားကြီး အကြီးအကျယ် ဒေါပွသွားခဲ့ပြီး တီးတိုးကို ရိုက်နှက်ခဲ့ပါတယ်။ စက်ရုံပိုင်ရှင်ရဲ့ ဒေါသစက်ကွင်းကို လန့်ပြီး စက်ရုံက ထွက်ပြေးခဲ့ပေမဲ့ ကားရက်စ်ရဲ့ တိုင်တန်းမှုကြောင့် တီးတိုး အဖမ်းခံခဲ့ရပါသေးတယ်။

ဆရာကြီး ကားရက်စ်ရဲ့ စက်ရုံမှာ အလုပ်လုပ်ကိုင်ရင်း တီးတိုးကို နိုင်ငံရေး နားမျက်စိဖွင့်ပေးခဲ့သူများ ရှိပါတယ်။ အဲဒီပုဂ္ဂိုလ်တွေက

mgyoe.com

mgyoe.com





စက်ပိုင်းဆိုင်ရာများကို အလွန်စိတ်ဝင်တစားရှိတဲ့ တီးတိုး

တော့ စက်ဆရာ ဆမစ်နဲ့ ဂက်စ်ပါရီဆိုသူများပါ။

ဆမစ်ဟာ ဇာဂရက်မြို့ကဖြစ်ပြီး သူ စက်ရုံကို ရောက်ရှိလာခဲ့ပြီး နောက် တီးတိုးအပါအဝင် အောက်ခြေလုပ်သားတွေကို ဗဟုသုတမျိုးစုံ ပြောပြကာ မျက်စိဖွင့်ပေးခဲ့ပါတယ်။ သူ ဖြန့်ဝေတဲ့ ဗဟုသုတတွေက အကြောင်းအရာမျိုးစုံဖြစ်ကာ နိုင်ငံရေး၊ အလုပ်သမားရေးတွေလည်း ပါဝင်ပါတယ်။

မှတ်မှတ်ရရအနေနဲ့ ၁၉၀၉ မေဒေးနေ့ အခါသမယ ကျရောက်

mgyoe.com

mgyoe.com


တဲ့အခါ ဆမစ်က ဒီနေ့ဟာ ကမ္ဘာ့အလုပ်သမားများနေ့ ဖြစ်ကြောင်း တီးတိုးတို့ အလုပ်သမားတွေကို ရှင်းပြခဲ့ကာ စက်ရုံမှာလည်း ၎င်းရဲ့ ညွှန်ကြားချက်အရ ပထမဆုံးအကြိမ်အဖြစ် အလုပ်သမားနေ့ အခမ်းအနားကို ကျင်းပခဲ့ပါတယ်။ သူတို့ရဲ့အလုပ်ရုံကို သစ်ရွက်သစ်ခက်များနဲ့ အလှဆင်ကာ ဆမစ်ရဲ့ ဦးဆောင်မှုနဲ့ တီးတိုးတို့ အလုပ်သမားတစ်သိုက် မေဒေးနေ့အခမ်းအနား ဆင်ယင်ကျင်းပခဲ့ကြတာလည်း ဖြစ်ပါတယ်။

ဆမစ် ပြောင်းရွှေ့သွားပြီးနောက် ဂက်စ်ပါရီဆိုသူ စက်ဆရာတစ်ဦး တီးတိုးတို့အလုပ်ရုံကို ရောက်ရှိလာခဲ့ပါတယ်။ ဂက်စ်ပါရီဟာ ဆမစ်ထက် နိုင်ငံရေးအမြင် ပိုကျယ်သူဖြစ်တဲ့အတွက် တီးတိုးတို့ လူသိုက်ကို ပိုမိုမျက်စိပွင့် နားပွင့် ဖြစ်စေခဲ့ပါတယ်။ စက်ရုံရှိ အလုပ်သမားများကိုသာမက တခြားလက်သမား၊ စာစီသမား စသူတို့နဲ့လည်း ဂက်စ်ပါရီတစ်ယောက် အလုပ်သမားရေးရာများကို မကြာခဏဆွေးနွေးလေ့ရှိပါတယ်။

ပြောရမယ်ဆိုရင် တီးတိုးတို့တစ်တွေကို စည်းရုံးရေးသဘောတရားများ စတင်သွတ်သွင်းပေးခဲ့တာ ဆရာကြီး ဂက်စ်ပါရီ ဖြစ်ပါတယ်။ ဂက်စ်ပါရီရဲ့ စည်းရုံးသိမ်းသွင်းမှုအပြင် တီးတိုးကိုယ်တိုင်ကလည်း အလုပ်သမားရေးရာများကို စိတ်ပါဝင်စားသူဖြစ်တဲ့အတွက် အလုပ်သမားသတင်းစာအတွက် ရန်ပုံငွေ စုဆောင်းပေးခြင်း၊ အလုပ်သမားရေးရာနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုခြင်းများ ပြုလုပ်ခဲ့ပါတယ်။

❑

mgyoe.com

mgyoe.com

# ပါတီဝင်ဘဝ

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

အသက် ၁၈ နှစ်ပြည့်တဲ့အခါ ဆီဆက်မြို့မှ တီးတိုး ထွက်ခွာခဲ့ပါတယ်။ အတောင်အလက်စုံပြီဖြစ်တဲ့အတွက် ပိုမြင့်မြင့်ပျံချင်တဲ့ သဘောပါ။ ပိုမြင့်မြင့် ပျံချင်တဲ့ တီးတိုး ဒီတစ်ကြိမ် သွားရောက်အခြေချခဲ့တာကတော့ ဇာဂရက်မြို့ကြီးပဲ ဖြစ်ပါတယ်။ ဇာဂရက်မြို့ရှိ စက်ရုံကြီးတစ်ရုံမှာ တစ်နေ့ ၁၀ သျှီလင်နဲ့ နေ့စားဝင်လုပ်ခဲ့တာပါ။ ငွေတန်ဖိုးရှိတဲ့အချိန် ဖြစ်တဲ့အတွက် တီးတိုးတစ်ယောက် တော်တော်လေး ဖောဖောသီသီ သုံးစွဲနိုင်ခဲ့ပါတယ်။

အလုပ်ဝင်ပြီး ရက်အနည်းငယ်အတွင်းမှာပဲ သတ္တုအလုပ်သမားများအစည်းအရုံးကို သူ ဝင်ရောက်ခဲ့ပြီး နိုင်ငံရေးပါတီအနေနဲ့တော့ ခရိုအေးရှားနဲ့ ဆလိုဗေးနီးယားနယ် ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ဝင်ရောက်ခဲ့ပါတယ်။ အောက်တိုဘာ၊ ၁၉၁၀၊ သူ့အသက် ၁၈ နှစ် ပြည့်ပြီးချိန်မှာပါ။ နောင် ကွန်မြူနစ်ရင့်မာကြီးဖြစ်လာခဲ့တဲ့ မာရှယ်တီးတိုး ပထမဆုံး ဝင်ရောက်ခဲ့တာ ဆိုရှယ်ဒီမိုကရက်တစ်ပါတီ ဖြစ်နေခြင်းကတော့ ကံကြမ္မာရဲ့ လှောင်ပြောင်မှုလို့ပဲ ဆိုရပါတော့မယ်။

ဇာဂရက်မှာ နှစ်လတာမျှ အလုပ်လုပ်နေစဉ်အတွင်း တီးတိုးဟာ

mgyoe.com

mgyoe.com




ကျားသစ်မွေးမြူလေ့ရှိတဲ့ တီးတိုး

အလုပ်သမားအစည်းအရုံးဌာနချုပ်သို့ သွားကာ သဘောတရားလေ့လာခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံရေးနယ်ထဲကို ခြေတစ်လှမ်းလှမ်းမိနေပြီဖြစ်တဲ့ ရဲဘော် တီးတိုးရဲ့ ပထမဆုံး နိုင်ငံရေးတိုက်ပွဲကတော့ ခရိအေးရှားဘုရင်ခံရဲ့ ဖိနှိပ်မှုကို ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းပဲဖြစ်ပါတယ်။

mgyoe.com

mgyoe.com



တီးတိုးနဲ့ ၎င်းရဲ့ရောင်းရင်း အလုပ်သမားတစ်သိုက်ဟာ မီးတုတ်တွေ ကိုင်ဆောင်ကြွေးကြော်သံတွေ ဟစ်အော်ပြီး မြို့ထဲမှာ လှည့်လည်ဆန္ဒပြခဲ့ခြင်းဖြစ်ပါတယ်။

ထိုနောက်ပိုင်းမှာတော့ တီးတိုး ရွာပြန်ခဲ့ပါတယ်။ ရွာမှာ အတော်ကြာ နေခဲ့ပြီးတဲ့နောက် ဆလိုဗေးနီးယားပြည်နယ် မြို့တော် လုဂျန်ကာကို သွားရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ စီးပွားရေး ကပ်ဆိုက်နေတာကြောင့် သူ အလုပ်ရှာလို့ မရခဲ့ဘဲ နောက်ဆုံးမှာတော့ ဒုံရင်း ဒုံရင်းဆိုသလို ဇာဂရက်ကို ပြန်ရောက်ခဲ့ပြန်ပါတယ်။

ဇာဂရက်ကနေ လုဂျန်ကာမြို့အနီးရှိ ကမ်နစ်မြို့ကလေးကို ရောက်ခဲ့ပြန်ပါတယ်။ ကမ်နစ်မှာတော့ သူ အလုပ်ရခဲ့ပါတယ်။ သတ္တုအလုပ်ရုံတစ်ရုံမှာ အလုပ်ရခဲ့တာပါ။

ကမ်နစ်မှာ ၁၉၁၂ အထိ နေခဲ့ပြီးတဲ့နောက် တီးတိုးဟာ ထိုစဉ်က ဘိုဟီးမီးယားပြည်၊ ဂျာမနီပြည်၊ ဩစတြီးယားနဲ့ ဟန်ဂေရီနိုင်ငံများထံ သွားရောက်ကာ အလုပ်ရုံ၊ စက်ရုံကြီးများကို ကြည့်ရှုရင်း ဗဟုသုတရှာဖွေခဲ့ပြန်ပါတယ်။

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တော်ကို ရောက်ခဲ့ပြီးနောက် အိမ်နဲ့ အတန်ကြာ အဆက်ပြတ်နေတဲ့ တီးတိုးက မိဘများထံ သာကြောင်းမာကြောင်း လှမ်းမေးမြန်းခဲ့ရာမှာ သူ့ရဲ့အစ်ကိုကြီး မာတင် သူနေတဲ့မြို့နားမှာရောက်နေကြောင်း သိခဲ့ရပါတယ်။ မာတင်နေတဲ့မြို့က ဗီနာနယူးစတတ်ဖြစ်ပါတယ်။ အစ်ကိုက မီးရထားအလုပ်သမားဖြစ်တဲ့အတွက် တီးတိုးဟာ မီးရထားမောင်း လေ့ကျင့်ကာ အစ်ကိုနဲ့အတူ အလုပ်လုပ်ခဲ့ပြန်ပါတယ်။

အစ်ကိုနဲ့အတူ မီးရထားအလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်နေတဲ့ အတောအတွင်း ၁၉၁၃ မှာ သူ့အသက် ၂၁ နှစ်ပြည့်ခဲ့ပါတယ်။

mgyoe.com

mgyoe.com



ထိုခေတ် ထိုအခါက အုပ်စိုးသူများ ချမှတ်ထားတဲ့ ဥပဒေအရ သူ စစ်မှုထမ်းခဲ့ရပါတယ်။ ထိုစဉ်က ခရိအေးရှားကို စိုးမိုးအုပ်ချုပ်မင်းလုပ်နေတဲ့ ဩစတြီးယား–ဟန်ဂေရီ ဘုရင့်စစ်တပ်မှာ စစ်မှုထမ်းရမှာဖြစ်ပါတယ်။

❑

mgyoe.com

mgyoe.com

စစ်သားဘဝ

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

တီးတိုးဟာ ဩစတြေးယန်း–ဟန်ဂေရီ ဘုရင့်စစ်တပ်မှာ နှစ်နှစ် စစ်မှုထမ်းရမှာဖြစ်ပါတယ်။ ဒါပေမဲ့ မဖြစ်လို့သာ စစ်မှုထမ်းခဲ့ရတာပါ။ သူ ပျော်ပိုက်ခြင်းမရှိပါ။ ဘာဖြစ်လို့လဲဆိုတော့ ဩစတြေးယန်း–ဟန်ဂေရီ စစ်တပ်ဆိုတာက လက်အောက်ခံ ခရိအေးရှားလူမျိုးများ ကျွန်သက်ရှည် စေဖို့နဲ့ ဖိနှိပ်ဖို့ ရည်ရွယ်ချက်နဲ့ တည်ထောင်ထားခဲ့တာ ဖြစ်လို့ပါ။

စစ်တပ်မှာ မပျော်ပိုက်ပေမဲ့ ထက်မြက်ပြီး အမြော်အမြင်ရှိတဲ့ လူငယ်တစ်ဦးဖြစ်တာနဲ့အညီ စစ်သေနင်္ဂဗျူဟာများကို အခွင့်အရေး ရရင် ရသလို၊ အချိန်ရရင် ရသလို ဆည်းပူးခဲ့ပါတယ်။ စစ်သားဘဝမှာ ထူး ချွန်တာကြောင့် တပ်ကြပ်ကြီးအဆင့်အထိ ရလာခဲ့ပြီး တပ်တွင်း အားကစားပြိုင်ပွဲများမှာလည်း ထူးထူးချွန်ချွန် ပါဝင်ဆင်နွှဲနိုင်ခဲ့ပါတယ်။

၁၉၁၄ မှာတော့ တီးတိုးနဲ့ သူ့ရဲ့တပ်ဖွဲ့ဝင်တွေ မမျှော်လင့်တဲ့ သတင်းတစ်ခုကို ကြားသိခဲ့ကြရပါတယ်။ အဲဒါကတော့ ဩစတြေးယား အိမ်ရှေ့မင်းသား ဖာဒီနန် လုပ်ကြံခံခဲ့ရခြင်းပါပဲ။ ဖာဒီနန်ဟာ ဆာရာယေဗို မြို့မှာ လုပ်ကြံခံခဲ့ရတာပါ။ ဖာဒီနန် လုပ်ကြံခံရခြင်းနဲ့အတူ ပထမ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့ပါတော့တယ်။

mgyoe.com

mgyoe.com


ဒီနေရာမှာ ပထမကမ္ဘာစစ်ကြီး ဘာကြောင့်ဖြစ်ပွားရသလဲဆိုတာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်တင်ပြလိုပါတယ်။ မင်းသား ဖာဒီနန်လုပ်ကြံခံရတဲ့အချိန်က ဘော့စနီးယား၊ ဆားဘီးယားနဲ့ ဘူလ်ဂေးရီးယား စတဲ့ ဘော်လ်ကန်ဒေသတစ်ဝိုက်မှာ အမျိုးသားရေးစိတ်ဓာတ် ပျံ့နှံ့အားကောင်းနေတာပါ။ သမိုင်းအစဉ်အလာအရ မကျေနပ်ချက်များ အသီးသီးရှိကြပေမဲ့ ပထမကမ္ဘာစစ် မီးထတောက်စေရလောက်တဲ့ လတ်တလောအချက်ကတော့ မင်းသား ဖာဒီနန် လုပ်ကြံခံလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ (ဘော့စနီးယားမြို့တော် ဆာရာယေဗို၌ ဖာဒီနန် လုပ်ကြံခံခဲ့ရခြင်းဖြစ်သည်။)

သူတို့မင်းသား ဖာဒီနန် လုပ်ကြံခံလိုက်ရပြီးနောက် ဩစတြီးယန်း–ဟန်ဂေရီအစိုးရက ဆားဘီးယားကို ၂၈ ဇူလိုင်၊ ၁၉၁၄ မှာ စစ်ကြေညာခဲ့ပါတယ်။ ၂၉ ဇူလိုင်မှာ ရုရှားက ဂျာမနီနဲ့ ဩစတြီးယားတို့ကို စစ်ဆင်တိုက်ခိုက်ခဲ့ပါတယ်။ ဒါကို ဂျာမနီက ငြိမ်ခံမနေဘဲ ၁ ဩဂုတ်မှာ ရုရှားကို စစ်ကြေညာခဲ့ပါတယ်။ ပြင်သစ်ကို ၃ ဩဂုတ်မှာ စစ်ကြေညာခဲ့ပြီး အဲဒီနေ့မှာပဲ ဘယ်လ်ဂျီယံနိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပါတယ်။

ဗြိတိန်ကလည်း ငြိမ်မနေဘဲ ၄ ဩဂုတ်မှာ ဂျာမနီကို စစ်ကြေညာခဲ့ပါတယ်။


မူလက ဂျာမနီနဲ့ ဩစတြီးယား–ဟန်ဂေရီပဲ မဟာမိတ်ဖွဲ့ရာကနေ တူရကီနဲ့ ဘူလ်ဂေးရီးယားတို့ပါ သူတို့ဘက်က ပါလာခဲ့ပါတယ်။ တူရကီက နိုဝင်ဘာ ၁၉၁၄ နဲ့ ဘူလ်ဂေးရီးယားက အောက်တိုဘာ ၁၉၁၅ မှာ စစ်ထဲဝင်လာခဲ့ကြတာပါ။

ဗြိတိန်ဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့တွေဘက်မှာ အခြား ကမ္ဘာ့နိုင်ငံ ၁၈ နိုင်ငံက ထောက်ခံခဲ့ကြပြီး အဓိကကျတဲ့ နိုင်ငံများအဖြစ်

mgyoe.com

mgyoe.com





မာရှယ်တီးတိုးနဲ့ ပိုပိုဗစ်တို့ ၁၉၄၃ တွင် စစ်မှုထမ်းစဉ်က

ဂျပန်၊ အီတလီနဲ့ အမေရိကန်တို့က ထောက်ခံခဲ့ကြတာပါ။

မင်းသား ဖာဒီနန် လုပ်ကြံခံရအပြီး တစ်လအကြာမှာ ဖြစ်ပွားခဲ့တဲ့ ပထမကမ္ဘာစစ်မှာ တီးတိုးတို့ဟာ သူတို့ကို ကျွန်ပြုနေတဲ့ ဩစတြီးယား–ဟန်ဂေရီအစိုးရဘက်က (တစ်နည်း ဂျာမန်တွေဘက်က) ပါဝင်တိုက်ခိုက်ခဲ့ကြတာဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ် ဖြစ်ပွားစဉ် ကိုအောင်ဆန်းတို့ 'အင်္ဂလိပ်အခက်–ဗမာ့အချက်' ဆိုကာ တိုင်းပြည်လွတ်လပ်ရေးရဖို့ ကြိုးပမ်းခဲ့ကြသလို ပထမကမ္ဘာစစ် ဖြစ်ပွားစဉ်မှာလည်း အခွင့်ကောင်းယူကာ အုပ်စိုးသူလက်အောက်က လွတ်မြောက်ဖို့ တီးတိုးတို့ ကြိုးပမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါ။

၁၉၁၅ အီစတာပွဲတော်ကာလမှာ အပျော်လွန်နေမိတဲ့အတွက် တီးတိုးနဲ့ သူ့တပ်ဖွဲ့ဝင်တွေ ရုရှားစစ်သားများရဲ့ တိုက်ခိုက်ခြင်း ခံခဲ့

mgyoe.com

mgyoe.com





မာရှယ်တီးတိုးနဲ့ သူ့ရဲ့ရဲဘော်ရဲဘက်များ

ရပါတယ်။ သူ့ရဲဘော်တော်တော်များများ ကျဆုံးခဲ့ပြီး တီးတိုးကိုယ်တိုင်ကတော့ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိကာ ဖမ်းဆီးခြင်းခံခဲ့ရတာပါ။

စစ်သုံ့ပန်း တီးတိုးကို ကာဇန်းမြို့အနီး ဗော်လဂါမြစ်ပေါ်ရှိ ဆာဘီးယားရှစ်မြို့ကလေးကို ပို့ကာ ဆေးဝါးကုသပေးခဲ့ပါတယ်။ ဒဏ်ရာပြင်းထန်လွန်းတဲ့အတွက် ရန်သူတွေက သူ့ကို သေပြီလို့ ယူဆခဲ့ကြပေမဲ့ ကံအားလျော်စွာ တီးတိုး အသက်ရှင်ခဲ့ရပါတယ်။

သူ့အတွက် စစ်သုံ့ပန်းဘဝမှာ အဆိုးထဲက အကောင်းတစ်ခု ဖြစ်

mgyoe.com

mgyoe.com


ခဲ့ရတာကတော့ ရုရှားစာပေကို ကျကျနန လေ့လာခွင့် ရခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ရှားလော့ဟုမ်း အဖတ်ကောင်းလို့ စက်ရုံက အထုတ်ခံခဲ့ရတဲ့ တီးတိုးဟာ ဆေးရုံပေါ် ရှိနေစဉ် ရုရှားစာရေးဆရာကြီးများဖြစ်တဲ့ တော်လ်စတွိုင်း၊ တူရဂေညက်ဗ်နဲ့ ကာပရင်တို့ရဲ့ စာကြီးပေကြီးများကို အငမ်းမရ ဖတ်ရှုလေ့လာခဲ့ပါတယ်။

ဆေးရုံက ဆင်းရတဲ့အခါ စက်ရုံတစ်ရုံမှာ သွားရောက်လုပ်ကိုင်ပေးခဲ့ရပြီး အဲဒီကမှတစ်ဆင့် ယူရဲလ်တောင်တန်းပေါ်ရှိ စစ်သို့ပန်းအကျဉ်းစခန်း သယ်ယူပို့ဆောင်ရေးဌာနချုပ်ကို ရွှေ့ပြောင်းခံခဲ့ရပါတယ်။ အဲဒီဌာနချုပ်မှာ အကျဉ်းစခန်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဇာဘုရင်အလိုတော်ရိ အရာရှိတစ်ဦး ဖြတ်စားလာဘ်စားလုပ်တာကို တိုင်ကြားခဲ့တဲ့အတွက် ၎င်းအရာရှိက အငြိုးအတေးရှာကာ ထောင်သွင်းအကျဉ်းချခဲ့ပြန်ပါတယ်။

ထောင်ထဲမှာရှိနေစဉ် တစ်ညနေမှာ တီးတိုးတို့အကျဉ်းသားတွေ အော်ဟစ်ကြွေးကြော်သံများ ကြားခဲ့ကြရပါတယ်။ သူတို့ကြားခဲ့ကြရတာကတော့ 'ဇာဘုရင် ပျက်စီးပါစေ' ဆိုတဲ့ ကြွေးကြော်သံပဲ ဖြစ်ပါတော့တယ်။

တကယ်လည်း ဇာဘုရင် ပျက်စီးခဲ့ပါပြီ။ အဲဒီအချိန်ကာလမှာ တီးတိုးဟာ မီးရထားအင်ဂျင်နီယာကြီးတစ်ဦးရဲ့ နေအိမ်မှာ ခိုလှုံခဲ့ပြီး လီနင် ပြုစုရေးသားတဲ့ စာအုပ်စာတမ်းများနဲ့ ဖော်ရှိဗစ်စာပေများကို လေ့လာခဲ့ရပါတယ်။ သူ့ဘဝမှာ ပထမဆုံးအကြိမ် ဒီလို စာအုပ်စာပေများကို လေ့လာခွင့်ရခဲ့ခြင်းလည်း ဖြစ်ပါတယ်။

သို့သော်လည်း အခြေအနေတွေက တစ်မျိုးပြောင်းသွားခဲ့ပြန်ပါပြီ။ ဇာဘုရင်နေရာမှာ အစားဝင်လာတဲ့ ယာယီအစိုးရဟာ စစ်ကို အချိန်ဆွဲတိုက်ပြီး အလုပ်သမားတွေဘက် မြားဦးလှည့်လာခဲ့ပြန်ပါတယ်။ အဲဒီ

mgyoe.com

mgyoe.com


မှာ တီးတိုးလည်း ထောင်ထဲ ပြန်ရောက်ခဲ့ရပြန်ပါတယ်။

မေ ၁၉၁၇ မှာ တီးတိုးတစ်ယောက် ထောင်က ပြန်လွတ်လာခဲ့ပြန်ပါတယ်။ မီးရထားအင်ဂျင်နီယာကြီးရဲ့ ကျေးဇူးကြောင့် ပြန်လွတ်လာခဲ့ပြန်တာပါ။ ဒီမီးရထားအင်ဂျင်နီယာကြီးနဲ့ တီးတိုးတို့ တော်တော်ရေစက်ဆုံဟန်တူပါတယ်။

ဇာဘုရင်နဲ့ ယာယီအစိုးရရဲ့ အန္တရာယ် ရှိနေသေးပြန်တာကြောင့်သူ ရုပ်ဖျက်ပြီး စိန့်ပီတာစဘတ်ကို တိမ်းရှောင်သွားရတော့ အဲဒီမှာသူ နေခဲ့တာ မီးရထားအင်ဂျင်နီယာကြီးရဲ့သားအိမ်မှာပါ။ အင်ဂျင်နီယာကြီးသားထံမှာနေထိုင်ရင်း ယာယီအစိုးရကို ကန့်ကွက်တဲ့ 'ဇူလိုင်ဆန္ဒပြပွဲ' (July Demonstrations) မှာလည်း ဝင်ပါခဲ့သေးတာပါ။ 'ဇူလိုင်ဆန္ဒပြပွဲ' ကတော့ တကယ့်ကို သွေးချောင်းစီးခဲ့ရတဲ့ ဆန္ဒပြပွဲဖြစ်ပြီးယာယီအစိုးရရဲ့ ကောက်ကျစ်ယုတ်မာမှုက ကမ်းကုန်အောင် ဆိုးရွားခဲ့ပါတယ်။

စိန့်ပီတာစဘတ်မြို့တစ်နေရာမှာ ဆန္ဒပြအလုပ်သမားတွေကိုယာယီအစိုးရက စက်သေနတ်များနဲ့ တရစပ် ပစ်ခတ်ခဲ့တဲ့အတွက်အလုပ်သမားအမြောက်အမြား အတုံးအရုံး ကျဆုံးခဲ့ကြရပါတယ်။အသက်မသေဘဲ အဖမ်းခံခဲ့ရသူများထဲမှာ မီးရထားအင်ဂျင်နီယာကြီးရဲ့သား ပါဝင်ခဲ့ပြီး တီးတိုးကတော့ စိန့်ပီတာစဘတ်က ဝေးရာကို ထွက်ပြေးခဲ့ရပြန်ပါတယ်။

ပြေးသော်လည်း မလွတ်ရှာခဲ့ပါဘူး။ ဖင်လန်နဲ့ ရုရှားနယ်စပ်ကိုရောက်တဲ့အခါ တီးတိုးကို နယ်ခြားစောင့် စစ်တပ်က ဖမ်းဆီးခဲ့ပြီး စိန့်ပီတာစဘတ်ကို ပြန်အပို့ခံခဲ့ရပြန်ပါတယ်။ စိန့်ပီတာစဘတ်ကနေယူရယ်လ်တောင်တန်းရှိ ကွန်ဂါစစ်သုံ့ပန်းဌာနကို အပို့ခံခဲ့ရပြန်ပါတယ်။

တီးတိုးနဲ့ အကျဉ်းသားတွေ စီးလာတဲ့ မီးရထားကြီး ယူရယ်လ်

mgyoe.com

mgyoe.com





ရဲခေါင်ပြောက်ကျား ချေဂွေဗားရားနဲ့ တီးတိုးတို့ လက်ဆွဲနှုတ်ဆက်နေပုံ

mgyoe.com

mgyoe.com



တောင်တန်းကိုဖြတ်ကာ ဆိုက်ဘေးရီးယားနယ်ကို ဝင်မိတော့ အလုပ်သမားတပ်ကြီးက ဝိုင်းကာ "ဆိုဗီယက်အစိုးရ တို့အစိုးရ" လို့ တစ်ခဲနက်ကြွေးကြော်ခဲ့ကြပါတယ်။

အဲဒီနေ့မှာ လီနင် ဦးဆောင်တဲ့ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကြီး စတင်ခဲ့တာပါ။ ပစ္စည်းမဲ့အလုပ်သမားတွေ ရုရှားမှာ အောင်ပွဲခံနိုင်ခဲ့ပါပြီ။ တီးတိုးတို့လည်း ဖော်လ်ရှီဗစ်အလုပ်သမားများရဲ့ ညွှန်ကြားချက်အရ ပါတီမှာ စာရင်းသွင်းကာ အပြည်ပြည်ဆိုင်ရာ တပ်နီအဖွဲ့ချုပ်သို့ ဝင်ရောက်ခဲ့ကြပါတော့တယ်။

သို့သော်လည်း ရရှိထားတဲ့ ဒဏ်ရာများ အကင်းမသေသေးတာကြောင့် တီးတိုးအနေနဲ့ တပ်နီကို ဝင်ခဲ့သော်လည်း တိုက်ခိုက်ရေးတာဝန် မယူခဲ့ရပါဘူး။ ဒါ့ကြောင့် မဟာအောက်တိုဘာတော်လှန်ရေးမှာလည်းကောင်း၊ ရုရှားပြည်တွင်းစစ်မှာလည်းကောင်း ပါဝင်တိုက်ခိုက်ခြင်းမပြုရဘဲ မြို့စောင့်တပ်မှာသာ တာဝန်ပေးခံခဲ့ရပါတယ်။

ဒါပေမဲ့ သူ့အတွက် အမြတ်ထွက်ခဲ့တာကတော့ အဲဒီကာလမှာ ဖော်လ်ရှီဗစ်စာပေများကို အားရပါးရ လေ့လာခဲ့ရခြင်းပါပဲ။

ပထမကမ္ဘာစစ် ဖြစ်နေစဉ် ဇာတိမြေနဲ့ ခြောက်နှစ်ခွဲခွာနေရတဲ့ အချိန်မှာ ယူဂိုဆလားဗီးယားမှာ ဘာတွေ ဘယ်ပုံဖြစ်ပျက်နေသလဲ ဆိုတာ တီးတိုး လုံးဝမသိခဲ့ရပါ။

သူ့တိုင်းပြည်မှာက အခုလိုဖြစ်နေခဲ့ပါတယ်။

ခရိုအေးရှားကို အနှစ် ၄၀၀ ကျော် ကျွန်ပြုခဲ့တဲ့ ဩစတြီးယားအုပ်ချုပ်ရေးဟာ အောက်တိုဘာ ၁၉၁၈ မှာ ဆုံးခန်းတိုင်ခဲ့ပါတယ်။ ခရိုအေးရှား နယ်သူနယ်သားတွေသာမကဘဲ ဆာ့ဘ်၊ ဆလိုဗေးနီးယား၊ မွန်တီနီဂရိုးနဲ့ မက်ဆီဒိုးနီးယား၊ ဘူလ်ဂေးရီးယားတို့ကလည်း ဩစတြီးယား ကျွန်အဖြစ်မှ အလွတ်မှာ တစ်ခုတည်းသော ပြည်ထောင်စုအဖြစ်

mgyoe.com

mgyoe.com



တည်ဆောက်လိုစိတ် ပြင်းပြခဲ့တာလည်းဖြစ်ပါတယ်။

ဒါပေမဲ့ ဒီလောက် သူတို့ ကံမကောင်းခဲ့ပါ။ ဩစတြီးယန်းမင်းဆက်ရဲ့နေရာမှာ ဓနရှင်လူတန်းစားက ဝင်ရောက်အာဏာယူခဲ့ကြပြီး အမျိုးသားကောင်စီများဖွဲ့ကာ ဘဲလ်ဂရိတ်ရှိ ဘုရင် အလက်ဇန်းဒါး လက်အောက် ဝင်ရောက်ခဲ့ကြပါတယ်။ ပြည်သူပြည်သားများနဲ့ မတိုင်ပင်ဘဲ သူတို့သဘောနဲ့သူတို့ ပြည်ထောင်စုသစ်ကို တည်ထောင်ခဲ့ကြခြင်းလည်း ဖြစ်ပါတယ်။

ဘုရင် အလက်ဇန်းဒါးလက်အောက်မှာလည်း အခြေအနေတွေ ဆိုးသည်ထက် ဆိုးလာခဲ့ပြန်ပါတယ်။

ဒါပေမဲ့ အလုပ်သမားလူတန်းစားကတော့ စည်းရုံးမှုအင်အားနဲ့ တစ်စထက်တစ်စ တက်ကြွ အားကောင်းလာခဲ့ပါတယ်။ စည်းရုံးပြီး အလုပ်သမားပေါင်း ၂၅၀,၀၀၀ မျှ ရှိလာခဲ့ကာ အလုပ်သမားပါတီသစ်မှာလည်း ပါတီဝင် ၆,၀၀၀ အထိ ရှိလာခဲ့ကာ အပြည်ပြည်ဆိုင်ရာ ကွန်မြူနစ်အဖွဲ့ချုပ် (Communist International) မှာ တတိယ၊ သို့မဟုတ် စတုတ္ထအင်အားအကောင်းဆုံး ဖြစ်လာခဲ့ပါတယ်။ သို့သော်လည်း အုပ်စိုးသူလူတန်းစားရဲ့ ဖိနှိပ်ချုပ်ချယ်မှုကတော့ ဆက်လက်ရှိနေဆဲဖြစ်ပါတယ်။

အဲဒါတွေကတော့ တီးတိုး အမိမြေ ပြန်မရောက်မီ တိုင်းပြည်ရဲ့ နိုင်ငံရေးအခြေအနေများပါ။

စစ်ကြီးအတွင်းနဲ့ စစ်ပြီးခေတ်များမှာ သူ ကြုံတွေ့ခဲ့ရတဲ့ အခြေအနေများအရလည်းကောင်း၊ မဟာအောက်တိုဘာ တော်လှန်ရေးကို ကိုယ်တွေ့ မျက်မှောက်ပြုခဲ့ရတာကြောင့်တစ်ကြောင်း စိတ်ဓာတ်ရင့်ကျက်ကာ အခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်တဲ့အဆင့် သူ ရောက်ခဲ့ပါပြီ။

mgyoe.com

mgyoe.com



ဒါ့ကြောင့် ဇာဂရက်ကို သူပြန်ရောက်တဲ့အခါ သပိတ်လက်နက် ကိုင်စွဲနေတဲ့ အလုပ်သမားထုအတွင်း သူ ဝင်ရောက်လှုပ်ရှားခဲ့ပေမဲ့ "အလုပ်သမားထုအနေနဲ့ လက်နက်စွဲကိုင်ခြင်း မပြုဘဲ အောင်မြင်မှု မရနိုင်" လို့ စည်းရုံးလှုံ့ဆော်ခဲ့ပါတယ်။

ဒါပေမဲ့ နိုင်ငံရေးအခြေအနေများ ရှုပ်ထွေးသည်ထက် ရှုပ်ထွေး လာကာ လက်နက်ကိုင်တော်လှန်ရေးလည်း မဖြစ်၊ အောင်မြင်မှုလည်း မရနဲ့ နောက်ဆုံးမှာ အေဒရီယားတစ်ကမ်းခြေရှိ ကရာလေဗီးကားမြို့ကို ထွက်ခွာခဲ့ပါတယ်။ အဲဒီမြို့မှာရှိတဲ့ သင်္ဘောကျင်းအလုပ်သမားများကို စည်းရုံးဖို့ပါ။

အဲဒီအချိန်မှာ တီးတိုး အိမ်ထောင်ကျနေပါပြီ။ ကလေး သုံးယောက်လည်း ရနေပါပြီ။

၁၉၂၅ မှာ ကရာလေဗီးကားသင်္ဘောကျင်းမှာ အလုပ်လုပ်ကိုင်စဉ် စည်းရုံးလှုပ်ရှားမှု ပြန်လုပ်ကာ အလုပ်သမားများနဲ့အတူ သပိတ်တိုက်ပွဲ ဆင်နွှဲခဲ့ပါတယ်။ လိုလားချက်များရပေမဲ့ သူ အလုပ်က ထွက်ရပါတယ်။

အောက်တိုဘာ ၁၉၂၆ မှာ ဇာဂရက်မြို့နဲ့ မိုင် ၄၀ ဝေးတဲ့ ပလန် ကာမြို့ရှိ မီးရထားတွဲဆိုင်းအလုပ်ရုံမှာ အလုပ်ဝင်ခဲ့ပြန်ပါတယ်။ ထုံးစံ အတိုင်းပဲ အလုပ်သမားများကို စည်းရုံးကာ တိုက်ပွဲဆင်နွှဲခဲ့ပါတယ်။ အလုပ်သမားတွေကို စည်းရုံးသပိတ်တိုက်ပွဲဝင်... စတာတွေသာမကဘဲ သတင်းစာမှာ ဆောင်းပါးရေးကာ တိုက်ပွဲဝင်ခဲ့ပါသေးတယ်။ သူ့ဘဝ မှာ ပထမဆုံး ရေးခဲ့တဲ့ သတင်းစာဆောင်းပါးပါ။

ဆောင်းပါးမှာ အလုပ်သမားရဲဘော်များအနေနဲ့ အရင်းရှင်တို့ရဲ့ ကုပ်သွေးစုပ်မှုကို အင်တိုက်အားတိုက် တွန်းလှန်တိုက်ခိုက်ရမှာဖြစ် ကြောင်း ရေးသားခဲ့တဲ့အတွက် သတင်းစာထွက်လာတာနဲ့ သူလည်း အလုပ်က ထွက်ရပြန်ပါတယ်။

mgyoe.com

mgyoe.com



ဒီတစ်ကြိမ်မှာတော့ တီးတိုး ဘာအလုပ်မှ မလုပ်တော့ဘဲ အလုပ်သမားပါတီမှာ အချိန်ပြည့်လုပ်ကိုင်ခဲ့ပါတယ်။ ပထမပိုင်းမှာ ဇာဂရက်သတ္တုလုပ်ငန်း အလုပ်သမားအစည်းအရုံး အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်ပိုင်းမှာ ခရိုအေးရှား ပြည်နယ်လုံးဆိုင်ရာ အတွင်းရေးမှူးအဖြစ် တိုးမြှင့်တာဝန်ပေးအပ်ခြင်း ခံခဲ့ရပါတယ်။

ပြည်နယ်အတွင်းရေးမှူးအဖြစ် တာဝန်ယူပြီးနောက် ပုလိပ်ဖမ်းခံခဲ့ရပါသေးတယ်။ သို့သော်လည်း နောက်ပိုင်းမှာ ပြစ်မှုမထင်ရှားတဲ့အတွက် အာဏာပိုင်တွေက ပြန်လွှတ်ပေးခဲ့ပါတယ်။

အဲဒီအချိန်မှာ ယူဂိုဆလားဗီးယားရဲ့အခြေအနေ အထူးဆိုးရွားနေပါပြီ။ အလုပ်လက်မဲ့နှုန်းမြင့်မားကာ အလုပ်ရှိသူများ ရတဲ့လုပ်ခကလည်း သိပ်နည်းတာကြောင့် စားဝတ်နေရေး ကျပ်တည်းလာခဲ့ပါတယ်။ လယ်သမားများဘက်ကို ကြည့်ရင်လည်း သီးနှံဈေး မတန်တဆ ထိုးကျတာကြောင့် မငတ်ရုံတစ်မည်ပါ။ အခြေအနေတွေ တိုးတက်ကောင်းမွန်လာဖို့ ဘာတစ်ခုမှ ဆောင်ရွက်ပေးခြင်းမရှိတဲ့အပြင် အလက်ဇန်းဒါးဘုရင်ဟာ အာဏာရှင်ဆန်ဆန် ဖိနှိပ်အုပ်စိုးလာတဲ့အတွက် အခြေအနေတွေဆိုးသည်ထက် ဆိုးလာခဲ့ပါတယ်။

ဖေဖော်ဝါရီ ၁၉၂၈ မှာ အလုပ်သမားပါတီရဲ့ ရှစ်ကြိမ်မြောက်ပါတီညီလာခံ ကျင်းပခဲ့ပါတယ်။ ဇာဂရက်မြို့မှာပါ။ အဲဒီညီလာခံကတင်မြှောက်လိုက်တဲ့ အလုပ်အမှုဆောင်အဖွဲ့သစ်မှာ တီးတိုးကို အတွင်းရေးမှူးတာဝန် အပ်နှင်းခဲ့ပါတယ်။ ပါတီအတွင်းရေးမှူးဖြစ်လာတဲ့တီးတိုးဟာ အလုပ်သမားလူတန်းစားအတွင်း စည်းရုံးရေးလုပ်ငန်းများကိုခေါင်းဆောင်ချလုပ်ကိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ အလက်ဇန်းဒါးဘုရင်ကိုထောက်ခံခဲ့တဲ့ လယ်သမားခေါင်းဆောင် ရာဒစ်ကို ပါလီမန်အမတ်တစ်ဦးက သေနတ်နဲ့ ပစ်ခတ်လုပ်ကြံခဲ့ပါတယ်။

mgyoe.com